

# အိမ်၌ ပညာဆည်းပူးရေး အတွက် တည်ဆောက်ခြင်း

ပိုမိုသော အချက်အလက်များအတွက်

**ourlearning.sa.edu.au**

Government of South Australia
Department for Education

# အိမ်၌ ပညာဆည်းပူးရေး အတွက် တည်ဆောက်ခြင်း



သင့်ကလေးအား အိမ်၌ စာသင်ပေးရန် သင်သည် ကျွမ်းကျင်သူ သို့မဟုတ် ပညာသင်ကြားပို့ချသူ တစ်ဦး ဖြစ်ရန်မလိုပါ။

သင့်ကလေး၏ ကျောင်း၊ မူကြို သို့မဟုတ် ကလေးများစင်တာသည် သင် ကလေး အိမ်၌ စာသင်ရန် စာများကို ရှာပေးပါမည်။

သင့်ကလေး စာသင်ယူရန် တိတ်ဆိတ် အဆင်ပြေသည့် နေရာတစ်ခုကို လုပ်ပေးခြင်းဖြင့် သင့်ကလေးအား သင် ပံ့ပိုးပေးနိုင်ပါသည်။



## သင့်ကလေး၏ ဆရာဆရာမထံမှ မျှော်လင့်ရမည့်အရာ

သင့်ကလေး၏ ကျောင်းအုပ်ကြီး၊ မူကြို ညွှန်ကြားရေးမှူး သို့မဟုတ် ဆရာဆရာမသည် ပုံမှန်လမ်းကြောင်းများအရ သင့်အား ဆက်လက်၍ ဆက်သွယ်နေပါလိမ့်မည်။ သူတို့သည် သင့်ကလေး အိမ်၌ စာသင်ရန် စာများကို ရှာဖွေပေးနိုင်သည်။

## သင့်ကလေးအား သင် ပံ့ပိုးနိုင်ပုံ

ကျောင်းသူကျောင်းသားများသည် ပုံမှန်လုပ်ရိုးလုပ်စဉ်

နှင့် သေချာမှုကို လိုအပ်သည်။ သင် အောက်ပါတို့

အားဖြင့် သင့်ကလေးကို ပံ့ပိုးနိုင်သည်–

- ပုံမှန် လုပ်ရိုးလုပ်စဉ်များနှင့် မျှော်လင့်ထားချက်များကို ဖန်တီးပေးခြင်း
- စာလုပ်ရန်အတွက် ဘေးကင်းပြီး တိတ်ဆိတ်သော နေရာတစ်ခုကို လုပ်ပေးခြင်း
- သူတို့၏ ကြိုးထွားမှုနှင့် လိုက်ဖက်သည့် အဆင့်၌ သူတို့အား ကြီးကြပ်ပေးခြင်း
- သူတို့၏ စာအလုပ်ကို စီမံရန်နှင့် လုပ်ခိုင်းစေရန် မကြာခဏ စစ်ဆေးကြည့်ခြင်း
- သူတို့ အွန်လိုင်းတွင် မည်မျှ အချိန်ကြာကြောင်း စောင့်ကြည့်ခြင်းနှင့် ၎င်းကို ကိုယ်လက်လှုပ်ရှားမှုနှင့် မျှတအောင်လုပ်ပေးခြင်း
- ဆရာမများထံမှ ဆက်သွယ်မှုများကို စစ်ဆေးပေးခြင်းနှင့် သင့်ကလေးကျောင်း သို့မဟုတ် စောစောပိုင်း ပညာသင်ယူရေးစင်တာနှင့် အဆက်အသွယ် လုပ်လျက်နေခြင်း



## အိမ်၌ စာသင်ယူရန် နေရာတစ်ခု လုပ်ပေးခြင်း

အိမ်တိုင်းမှာ ကွဲပြားခြားနားသည်။ သင့်ကလေး စာသင်ယူရန် တိတ်ဆိတ်ပြီး အဆင်ပြေသည့် နေရာတစ်ခုမှာ အထောက်အကူပြုပါမည်။

ကျောင်းသူကျောင်းသား အချို့တွင် သူတို့ အိမ်စာလုပ်ရန် ပုံမှန်နေရာများ ရှိကောင်း ရှိနိုင်ပါသည်။ ဤနေရာမှာ အချိန်ကြာကြာအတွက် စာလုပ်ရန် သို့မဟုတ် စာသင်ယူရန် မသင့်တော်နိုင်ကောင်း မသင့်တော်နိုင်ပါ။

## စာသင်ရန် အကောင်းဆုံး နေရာမှာ–

- အတူမျှသုံးကြသည့် မိသားစု နေရာ၊ ဧည့်ခန်း သို့မဟုတ် ထမင်းစားခန်း (သူတို့၏ အိပ်ခန်း မဟုတ်)
- တိတ်ဆိတ်နေနိုင်သည့် နေရာ တစ်ခု
- အင်တာနက် သို့မဟုတ် wifi လိုင်းအားကောင်းသည့်နေရာနှင့် နီးနီး
- လူကြီးတစ်ယောက် ရှိနေပြီး စောင့်ကြပ်ကြည့်ရှု ပေးနိုင်သည့် တစ်နေရာရာ
- စာသင်ယူရန်အတွက် စာရေးကိရိယာနှင့် မီးပလပ်တပ်မည့်နေရာ အပါအဝင် သင့် ကလေး လိုအပ်သည့် အရာများနှင့် နီးနီး၊
- ခလုတ်တိုက်မည့် ဘေးရန်မှ ကင်းကင်းရှင်းရှင်း
- သဘာဝ အလင်းရောင်နှင့် အလင်းရောင် မစူးသော လေဟာနယ်နေရာ
- အဆင်ပြေမည့် ထိုင်ခုံနှင့် စာကြည့်စားပွဲ သို့မဟုတ် စားပွဲရှိသည့် တစ်နေရာရာ။

## လုပ်ရိုးလုပ်စဉ်များနှင့် မျှော်လင့်စရာများကို ဖန်တီးပါ

မျှော်လင့်စရာများနှင့် လုပ်ရိုးလုပ်စဉ်များ ချမှတ်ထားခြင်းသည် သင့်ကလေး စာသင်ယူရန် အထောက်အကူပြုပါမည်။

သင် ဤကိစ္စကို အောက်ပါအားဖြင့် လုပ်နိုင်သည်-

- ပုံမှန် နံနက် နှင့် ညနေ လုပ်ရိုးလုပ်စဉ်များကို ထိန်းသိမ်းထားခြင်း
- တစ်နေ့တာကို ပုံမှန် အစာစားချိန်များနှင့် အိပ်ရာဝင်ချိန်များဖြင့် ဖွဲ့စည်းထားခြင်း
- တစ်နေ့တာကို သူတို့၏ ပုံမှန် အစီအစဉ် သို့မဟုတ် အချိန်ဇယားအပေါ် အခြေခံ၍ ချမှတ်ထားခြင်း
- နေ့စဉ် 'check-in' လုပ်ခြင်းဖြင့် စတင်ခြင်းနှင့်ပြီးဆုံးခြင်း
- သူတို့အား ဘာမျှော်လင့်ထားသည်ကို သူတို့နားလည်ကြောင်း သေချာစေခြင်း
- တစ်နေ့တာလုံး ပုံမှန် စားရန်နှင့်သောက်ရန် အားလပ်ချိန်များ ကိုယ်လက်ဆန့်တန်းရန် သို့မဟုတ် အနီးအနားလှုပ်ရှားသွားလာရန်ကို တိုက်တွန်းအားပေးခြင်း
- သူတို့ အာရုံစိုက်လျက်ရှိပြီး လမ်းမှန်ကမ်းမှန် ရှိနေစေရန် နေ့တာတစ်လျှောက် သူတို့အား စစ်ဆေးပေးခြင်း

## သင့်ကလေးနှင့် ဆက်သွယ်ပြီး အဆက်အသွယ် ရှိလျက်နေပါ


သင်သည် သင့်ကလေး၏ ပညာဆည်းပူးရေးကို သူတို့အား မေးခွန်းများ မေးမြန်းခြင်းအားဖြင့် ပါဝင်ပတ်သက်လျက် နေနိုင်ပါသည်။ ဤသို့ဖြင့် သူတို့အား သူတို့ ကျောင်းမှရရှိသော ညွှန်ကြားချက်များကို စီမံရန် အထောက်အကူဖြစ်စေပြီး သူတို့၏ ပညာဆည်းပူးရေးအတွက် ဦးစားပေးရာများကို သတ်မှတ်နိုင်ပါသည်။

တစ်နေ့တာ အစ၌ မေးရန်-

- ယနေ့ မည်သည့်အရာများကို သင် လေ့လာနေသလဲ။
- သင်၏ သင်ယူရေး လျာထားချက်များ (သို့) ပန်းတိုင်များမှာ အဘယ်နည်း။
- သင့်အချိန်ကို မည်သို့ အသုံးချမည်နည်း။
- သင် မည်သည့် ရင်းမြစ်များကို လိုသလဲ။
- သင် မည်သည့် ပံ့ပိုးမှုကို လိုသလဲ။

တစ်နေ့တာ အဆုံး၌ မေးရန်-

- ယနေ့ သင် ဘာလေ့လာခဲ့သလဲ။
- ယနေ့ လုပ်စရာများ အကြောင်း သင် ဘာကြိုက်ထားသလဲ။
- အခက်အခဲက ဘာလဲ။ ကျွန်ုပ်တို့ အခက်အခဲကို မည်သို့ ကျော်လွှားနိုင်သလဲ။
- ယနေ့ ဘာကောင်းခဲ့သလဲ။ အဘယ်ကြောင့် ကောင်းခဲ့သလဲ။
- သင် အဆင်ပြေသလား။ သင် ဆရာမကို တစ်ခုခု မေးရန် လိုသလား။
- မနက်ဖြန် ပိုအောင်မြင်ရန် တစ်စုံတစ်ခုနှင့် အကူအညီ လိုသလား။



## သင့်အိမ်ထောင်စုရှိ လုပ်စရာများကို ဖြစ်နိုင်သမျှ များများလုပ်ပါ

အိမ်၌ လေ့လာစရာ အရာ အမျိုးအပြား ရှိပါသည်။ ဥပမာတစ်ခုမှာ ချက်ပြုတ်ခြင်းဖြစ်သည်။ ချက်ပြုတ်ရာ၌ သင့်ကလေးအား ဝင်လုပ်ပါစေ။ ၎င်းတို့မှာ ချက်နည်းပြုတ်နည်း ဖတ်ပေးခြင်း၊ ချက်စရာများကို ခြင်တွယ်ပေးခြင်း၊ အရသာ မြည်းပေးခြင်း သို့မဟုတ် သုံးသပ်ပေးခြင်းတို့ဖြစ်သည်။ လုပ်စရာ မလုပ်မီ၊ လုပ်နေစဉ် နှင့် လုပ်ပြီးနောက် မေးခွန်း မေးခြင်းအားဖြင့် သင့်ကလေးနှင့် ဆက်လက် ဆက်သွယ်နေပါ။ သူတို့ အာရုံစိုက်လျက်ရှိနေစေပါ၊ လမ်းမှန်ကမ်းမှန် ရောက်နေစေပါ။



## သင့်ကလေး၏ ဆရာဆရာမ၊ အတန်းသူ အတန်းသားများနှင့် ကျောင်းတို့နှင့် ဆက်သွယ်ပါ

ဆက်သွယ်ရန် နည်းလမ်း အသစ်များ ချမှတ်ထားပြီး သင့်ကလေး သူတို့၏ မိတ်ဆွေများနှင့်ဆရာဆရာမတို့နှင့် ဆက်သွယ်သည့် လက်ရှိ နည်းလမ်းများကို ထိန်းသိမ်းထားပါ။ ၎င်းတို့မှာ ဖုန်း၊ ဗီဒီယို တို့မှတစ်ဆင့်၊ အီးမေးလ် သို့မဟုတ် ခေတ်ဟောင်းနည်းပို့စကတ် သို့မဟုတ် pen-pal တို့မှ တစ်ဆင့်ဖြစ်နိုင်သည်။

ဤသို့အားဖြင့် ကျောင်းသူကျောင်းသားများမှာ အခြားသူများနှင့် အဆက်အသွယ်ရှိနေကြောင်း ခံစားရမည်ဖြစ်ပြီး အထီးကျန် နေကြောင်း ခံစားရမည် မဟုတ်ပါ။



## တစ်ဆင့်ပွား မိသားစုနှင့် ဆက်သွယ်ပါ

တစ်ဆင့်ပွား မိသားစုနှင့် ချစ်ခင်ရသူတို့နှင့် ဆက်လက် ဆက်သွယ်ထားရန် မမေ့ပါနှင့်။ သင်နှင့် သင့်ကလေးသည် အိမ်၌ လုပ်နေသည့် ပညာသင်ကြားရေးကို ပြောပြနိုင်ပါသည်။



## သင့်ကလေး၏ ကျန်းမာရေးကောင်းမွန်မှုကို ပံ့ပိုးပါ

အိမ်မှနေ၍ ကြာကြာ ပညာဆည်းပူးရေးသည် စိတ်သောက နှင့် စိတ်ပူပန်မှုတို့ ဖြစ်ပွားစေနိုင်သည်။

အိမ်၌ ပညာဆည်းပူးနေစဉ် သင့်ကလေး၏ ကျန်းမာရေးကောင်းမွန်မှုကို သင် မည်သို့ ပံ့ပိုးပေးနိုင်ကြောင်း ourlearning.sa.edu.au ၏ မိဘများအတွက် အကြံဉာဏ်အပိုင်းတွင် တွေ့ရှိနိုင်သည်။

Government
of South Australia
Department for Education

ပိုမိုသော အချက်အလက်များအတွက်

**ourlearning.sa.edu.au**

0420_103